ကျောက်တန်းကျေးရွာ

ဟိုပုံးမြို့နယ်



ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၂၂- ၂၀၂၃)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကျောက်တန်းကျေးရွာ၊ ဟိုပုံးမြို့နယ်

(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	၃-၄
	ကျေးရွာ သယံဇာတပြမြေပုံ၊	၅
	ကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်၊	၆
	ကျေးရွာတွင်းနှင့်ကျေးရွာ ပြင်ပအဖွဲ့အစည်းများဆက်စပ်မှုပြပုံ၊	၇
အပိုင်း (က) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ		
၁။	တည်နေရာနှင့် ပထဝီဝင် အနေအထား	၈
၂။	ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ	၈
၃။	လူဦးရေဆိုင်ရာ အချက်အလက်များ	၉
၄။	ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ	၉-၁၀
၅။	စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ	
	(က) သီးနှံ စိုက်ပျိုးရေး	၁၀
	(ခ) မွေးမြူရေးလုပ်ငန်း	၁၀
	(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ	၁၀
	(ဃ)ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု	၁၀-၁၁
၆။	အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ	
	(က) ကျေးလက် သယ်ယူပို့ဆောင်ရေး	၁၁
	(ခ) ကျေးရွာ မီးလင်းရေး	၁၁
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	၁၁
၇။	ပညာရေး	၁၁-၁၂
၈။	ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး	၁၂
၉။	ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး	၁၂-၁၃
၁၀။	ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ	၁၃
၁၁။	ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး	၁၃
၁၂။	ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး	၁၃
၁၃။	ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ	၁၄-၁၅
အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်		
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	၁၆
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	၁၇-၂၉
	နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	၆၂

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၂-၂၀၂၃ ခု ဘဏ္ဍာရေးနှစ်မှ ၂၀၂၆-၂၀၂၇ ခုဘဏ္ဍာရေးနှစ်အထိ(၅)နှစ် အကြာအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ဒုတိယအကြိမ် လူထုအများစု ပေါင်းပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းဖြစ်ပါသည်။ ကနဦး အနေဖြင့်စီမံကိန်း ဖြစ်မြောက်ရေးအတွက်လိုအပ်သော နည်းပညာများပံ့ပိုးပေးသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကို လည်းကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစုနှစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့်လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျပူးပေါင်း ဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် သင်တန်းပို့ချပေးရုံသာမက နည်းပေးလမ်းပြကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့်ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်း အချက်အလက်တို့၏အရေးပါမှုကိုသိရှိရုံသာမ ကကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်း အချက်အလက်ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ် ကြောင်းကိုလည်းကောင်းစွာ သိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေး ခြင်းဖြင့်ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည်ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်း ဖြစ်ပြီးလုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှုပေါ်ပေါက်လာ သည့် အခက် အခဲများ၊ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်းပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများစုစည်း ဆောင်ရွက်နိုင်ရန် အတွက်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာနအသီးသီး တို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟုကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာအားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့်အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။


ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေး ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ် ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ တည်ဆောက်မှုအခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

ဖေဖော်ဝါရီ လ၊ ၂၀၂၃

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကျောက်တန်းကျေးရွာ၊ ဟိုပုံးမြို့နယ်

ကျောက်တန်းကျေးရွာ၊ ကျေးရွာသယံဇာတပြမြေပုံ



ရည်ညွှန်း ဟိုပုံးမြို့နယ်၊ကျောက်တန်း ကျေးရွာတွင်ပြုလုပ်သောကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲခြင်း အစီအစဉ်တွင် ကျေးရွာသူ၊ကျေးရွာသားများ ကိုယ်တိုင်ပူးပေါင်းအကဲဖြတ်ခြင်းမှ ရယူသည်။


(၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ လ)



ရည်ညွှန်း ဟိုပုံးမြို့နယ်၊ကျောက်တန်းကျေးရွာတွင်ပြုလုပ်သောကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းအစီအစဉ်တွင်ကျေးရွာသူ၊ကျေးရွာသားများကိုယ်တိုင်ပူးပေါင်းအကဲဖြတ်ခြင်းမှရယူသည်။

(၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ လ)

ကျောက်တန်းကျေးရွာ၊ ရွာတွင်းရွာပြင်ပချိတ်ဆက်မှု



ရည်ညွှန်း ဟိုပုံးမြို့နယ်၊ကျောက်တန်းကျေးရွာတွင်ပြုလုပ်သောကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းအစီအစဉ်တွင်ကျေးရွာသူ၊ကျေးရွာသားများကိုယ်တိုင်ပူးပေါင်းအကဲဖြတ်ခြင်းမှရယူသည်။

(၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ လ)

အပိုင်း (က)

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်

ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

(၁) တည်နေရာနှင့် ပထဝီဝင်အနေအထား

ကျွန်ုပ်တို့ ကျောက်တန်းကျေးရွာသည် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ဟိုပုံးမြို့နယ်ကျောက်တန်းကျေးရွာအုပ်စုတွင်တည်ရှိပြီးဟိုပုံးမြို့၏အရှေ့ဘက်(၂၁)မိုင်အကွာတွင် တည်ရှိသည်။ ကျေးရွာ၏ အရှေ့ဘက်တွင် မောက်စောက်ကျေးရွာ၊ အနောက်ဘက်တွင်ပုံချောင်ကျေးရွာ၊ တောင်ဘက်တွင်ထီဖူးကျေးရွာ၊ မြောက်ဘက်တွင် နမ့်ပေါ်ဆွမ့်ကျေးရွာ တို့နှင့် ဆက်စပ်နေပါသည်။ ကျွန်ုပ်တို့ကျေးရွာသည် မြေပြန့်ဒေသတွင်တည်ရှိပြီး ပင်လယ်ရေ မျက်နှာပြင်အထက် အမြင့်ပေ (၅၂၀၀) အမြင့်တွင်တည်ရှိ၍ အေးမြပြီး စွတ်စိုသောရာသီဥတု ဖြစ်ပါသည်။ ကျေးရွာတွင် ပအိုဝ်းလူမျိုးများ အများဆုံးနေထိုင်ကြပါသည်။

(၂) ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ကျွန်ုပ်တို့ကျေးရွာသည် အေးမြစွက်စိုသောရာသီဥတုဖြစ်သည်။ လယ်ယာစိုက်ပျိုးရေးကိုသာအဓိကမှီခိုသောကျေးရွာဖြစ်၍ တောင်ယာ/ယာ(၂၄)ဧက၊ ဥယျာဉ်ခြံ(၄၇၇)ဧက ပိုင်ဆိုင်ကြပါသည်။ အဓိကစိုက်ပျိုးသီးနှံအဖြင့် ထောပတ်၊ သနပ်ဖက် တို့ကိုစိုက်ပျိုးကြပါသည်။ စပါး ၊ အာလူး၊ ကန်စွန်း၌၊ မုန်ညင်း၊ ပဲအမျိုးမျိုး၊ ဟင်းသီး ဟင်းရွက်များ အား မိသားစုစားသောက်နိုင်ရန်အတွက် စိုက်ပျိုးကြသည်။မြေဆီလွှာအရည်အသွေးအသင့်တင့်ကောင်းမွန်မှုရှိသည်။ကျေးရွာတွင်ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ ရှာဖွေတွေ့ရှိခြင်းများကြောင့် သဘာဝမျိုးစိတ်များရှားပါးလာပြီးဖြစ် ပြန်လည်ပြုပြင်ထိန်းသိမ်းရန်လိုအပ်ပါသည်။ ကျေးရွာ၏ အရှေ့ဘက်တွင် အများပိုင်သဲတောင်ရှိသည်။

(၃) လူဦးရေဆိုင်ရာ အချက်အလက်များ

ကျေးရွာတွင်နေထိုင်သော အိမ်ထောင်စု(၄၂၇)စုရှိပြီး လူဦးရေပေါင်း(၁၆၈၃)ဦးရှိပါသည်။ ပျမ်းမျှတစ်အိမ်ထောင်စုလျှင် (၄-၅)ဦး အထိရှိပြီး ပအိုဝ်းလူမျိုး အများစုနေထိုင်ကြပါသည်။ အသက်(၁၅)နှစ်မှ(၆၄)နှစ်အထိ အလုပ်လုပ်နိုင်သော လူဦးရေမှာ(၁၂၁၄)ဦးရှိသောကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက်ကောင်းမွန်သော အခြေအနေကောင်းများလည်းရှိပါသည်။ (၁၅)နှစ်အောက်လူဦးရေနှင့် အသက်(၆၅)နှစ်အထက် လူဦးရေစုစုပေါင်း(၄၆၉)သည် ပညာသင်ကြားနေသောကလေးသူငယ်များနှင့် မိသားစုကိုမှီခိုနေရသော အသက်ကြီးပိုင်းလူဦးရေများဖြစ်ကြပါသည်။

(၄) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာတွင် လူငယ်အဖွဲ့၊ ရပ်မိရပ်ဖအဖွဲ့၊ ကျောင်းကော်မတီ၊ သမဓိအဖွဲ့၊ ဓမ္မစကြာအဖွဲ့၊ ဓမ္မစကူးလ်အဖွဲ့ ၊ ပန်းဒကာအဖွဲ့နှင့် မီးကော်မတီစသည်အဖွဲ့များရှိသည်။ ကျေးရွာရှိလူငယ်အဖွဲ့ သည်ကျေးရွာ၏ သာရေး၊နာရေး၊ ရွာတွင်းသန့်ရှင်းရေး ကိစ္စရပ်များတွင် ဆောင်ရွက်ကြသည်။ ရပ်မိ ရပ်ဖ အဖွဲ့သည် ကျေးရွာ၏ ဘာသာရေး၊ လူမှုရေး၊ စိုက်ပျိုးရေး၊ ဖွံ့ဖြိုးရေး၊ တည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေးဆိုင်ရာကိစ္စ ရပ်များတွင် ဦးဆောင်ကြသည်။ ပညာရေးဆိုင်ရာ ကိစ္စရပ်များအတွက် (၅)ဦး ပါဝင်သော ကျောင်းကော်မတီမှ ဦးဆောင်ကြသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာများကို ပန်းဒကားအဖွဲ့တို့မှ ဆောင်ရွက်သည်။

(၅) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

ကျေးရွာ၏အဓိကစိုက်ပျိုးသီးနှံမှာလယ်ယာစိုက်ပျိုးရေးလုပ်ငန်း ဖြစ်ပါသည်။ လယ်၊တောင်ယာ၊ ဥယျာဉ်ခြံမြေကေ (၅၀၁) ကေရှိပါသည်။ အိမ်ထောင်စုတိုင် မြေပိုင်ဆိုင်ကြပြီးမြေယာမဲ့သူမရှိပါ။ တစ်နှစ်ပတ်လုံးစိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ရန် အဆင်ပြေမှုရှိပါသည်။ မြေဆီလွှာအသင့်အတင့်ကောင်းမွန်သည်။

စီးပွားရေးအနေဖြင့် သင့်တင့်မျှတသော ကျေးရွာဖြစ်သည်။ စိုက်ပျိုးရေးလုပ်ငန်းသောကြောင့် ဓာတ်မြေဩဇာထည့်နည်း အချိုးအဆမမှန်ခြင်း၊ အလွန်အကျွံ သုံးစွဲမိဖြစ်တို့ကြောင့်ဖြစ်ပြီးစိုက်ပျိုးနည်းစနစ်ကောင်း များ၊ သဘာဝမြေကို ကောင်းမွန်လာအောင် ပြုပြင်နည်းစနစ်များဖြန့်ဝေပေးရန်လိုအပ်မှုရှိနေပါသည်။ ယခုနှစ်တွင် ထောပတ်စိုက်ပျိုးသောတောင်သူများအနေဖြင့် စိုက်ပျိုးချိန်တွင်အရင်းအနှီး၊ လူအားများရင်းနှီးထည့်ကာ လုပ်ကိုင် ဆောင်ရွက်ရသော်လည်း သီးနှံထွက် ချိန်တွင် ပွဲစားများ၏ ဈေးကစားမှုများကြောင့် ဈေးနှုန်းကျဆင်းခြင်း၊ အမြတ်မရတော့ခြင်း၊ စိုက်ပျိုးစရိတ်လောက်သာ ပြန်လည်ရရှိနေခြင်းနှင့် လမ်းပန်းဆက်သွယ်ရေး ဝေးကွာသော ကြောင့် (ထွက်ကုန်) ထိခိုက်မှုရှိခြင်းတို့ဖြစ်ပေါ်နေပါသည်။

သက်သာသော အတိုးနှုန်းနည်း ချေးငွေများရရှိအောင် ဆောင်ရွက်ရန်၊ ဈေးကွက်တည်ငြိမ်မှုရှိအောင်ဆောင်ရွက်ပေးရန်နှင့်ဈေးကွက်သို့တိုက်ရိုက်တင်ပို့ရောင်းချနိုင်ခြင်းများဆောင်ရွက်ပေးပါကအဆင်ပြေလာမည်ဖြစ်သည်။သီးနှံစိုက်ခင်းများတွင်ဖျက်ပိုးများကျရောက်နေသည့်အတွက်ပိုးသတ်ဆေးသုံးစွဲရာတွင်စနစ်တကျသုံးပြုပုံနှင့်နှိမ်နှင်းနည်းစနစ်များ သင်တန်း ပို့ချပေးရန် လိုအပ်မှုများရှိနေပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ကျောက်တန်းကျေးရွာတွင် နွားမွေးမြူသည့် အိမ်ထောင်စု(၁၅)စုရှိပြီး နွားကောင်ရေ(၂၉၅)ကောင်၊ကြက်မွေးမြူသည့်အိမ်ထောင်စု(၃၀)စုရှိပြီး ကြက်ကောင်ရေ(၈၃၈၇) ကောင်၊ ဝက်မွေးမြူသည့် အိမ်ထောင်စု(၅)စုရှိပြီး ဝက်ကောင်ရေ(၂၀)စသည်ဖြင့် ကြက်မွေး မြူရေးလုပ်ငန်းကိုစီးပွားဖြစ် ဆောင်ရွက်ကြပြီး ကျန်ကို တစ်နိုင်တစ်ပိုင်သာ မွေးမြူကြသည်။

တစ်နိုင်တစ်ပိုင် ဝက်မွေးမြူရေးကိုသာ အဓိကအားထား လုပ်ကိုင်ကြပြီး အများစုမှာ ဒေသဝက်များကိုသာ မွေးမြူကြသည်။ စပ်မျိုးဝက်များကို မွေးမြူသူများရှိသော်လည်း အစာရေစာရရှိနိုင်မှု မလုံလောက်ခြင်း၊ ဝက်သားပေါက်ဝယ်ယူမှု စရိတ်ကြီးမားခြင်း စသည်တို့ကြောင့် မွေးမြူသူဦးရေမှာ အလွန်ပင်နည်းပါးပါသည်။ ကျွဲနွားများကို စိုက်ပျိုးရေးလုပ်ငန်းအသုံးပြုရန် အဓိကထား မွေးမြူကြသည်။ တိရိစ္ဆာန်ရောဂါကျရောက်မှုနှင့် ပတ်သက်၍ နည်းပညာပိုင်းဆိုင်ရာ သိရှိမှုများ အားနည်းပြီး မွေးမြူရေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများ ပုံမှန်မရှိပါ။ စီးပွားဖြစ် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်မည်ဆိုပါက မွေးမြူရေးနည်းပညာနှင့်ပတ်သက်သည့် အတွေ့အကြုံ၊ အသိညာဏ်များ အားနည်းသဖြင့် နည်းပညာသင်တန်းပေးခြင်း၊ စီးပွားဖြစ် လုပ်ကိုင်နိုင်ရန် သင်တန်းပေးခြင်းများ လိုအပ်လျက်ရှိသည်။

(ဂ) စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ကျောက်တန်းကျေးရွာတွင် ကျေးရွာသူ၊ ကျေးရွာသားများသည် စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကလုပ်ကိုင်ကြပြီး အခြားဝင်ငွေရလုပ်ငန်းလုပ်ကိုင်သူနည်းသည်။ အခြားအသက်မွေး ပံမံးကျောင်းလုပ်ငန်းအဖြစ် ဆိုင်ကယ်ပြင်ဆိုင်၊ အပ်ချုပ်စက်ဆိုင်၊ လူသုံးကုန်၊ စားသောက်ကုန်စျေးဆိုင်များ၊ ဝန်ဆောင်မှုပေးသောစျေးဆိုင်များ၊ စားသောက်ဆိုင်များ စသည်ဖြင့် လုပ်ကိုင်ကြသည်။ အချို့မှ အစိုးရဝန်ထမ်းများ၊ ပုဂ္ဂလိက ဝန်ထမ်းများအဖြစ် လုပ်ကိုင်ကြပြီး ဒေသစီးပွားရေးလုပ်ငန်းအားနည်းခြင်းကြောင့် ဝင်ငွေနည်းပါးသော အိမ်ထောင်စုအချို့သည် နိုင်ငံရပ်ခြားသို့ အလုပ်အကိုင်ရရှိရေး၊ ဝင်ငွေရရှိရေးတို့အတွက် သွားရောက်လုပ်ကိုင်ကြသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများ

ကျောက်တန်းကျေးရွာတွင် ငွေကြေးဝန်ဆောင်မှုအနေဖြင့် ယခင်က သမဝါယမချေးငွေကို သုံးစွဲခဲ့ပါသည်။ အဖွဲ့လိုက် ငွေစုငွေချေးအစီအစဉ်၊ ငွေချေးပေးမှုနှင့် အပေါင်ဆိုင်များမှ ချေးငွေရယူမှုများမှာ အလွန်နည်းပါးလှသည်။ အဓိကအားဖြင့် ဆွေမျိုးများထံမှ ဘက်စုံလိုအပ်မှုအတွက် ချေးယူကြခြင်းဖြစ်သည်။ ချေးယူရာတွင် အတိုးနှုန်းများခြင်း၊ အပေါင်ပစ္စည်းပြချေးယူရခြင်းတို့ကြောင့် အခက်အခဲများစွာကြုံတွေ့ရသည်။ ကျေးရွာ

ပြည်သူအများစုသည် ချေးငွေကို အကြောင်းရင်းမျိုးစုံ(စားဝတ်နေရေး၊ ကျန်းမားရေး၊ ပညာရေး)တို့အတွက် လိုအပ်သော်လည်း အထူးသဖြင့် စားဝတ်နေရေးအတွက် ချေးယူကြပြီး ကျေးရွာအတွင်း ချေးငွေလိုအပ်ချက်များပြားနေသည်။ ထိုကြောင့် အတိုးနှုန်းသက်သာစွာဖြင့် ကာလရှည်ချေးငွေများ ထုတ်ပေးပါက မိသားစုစားဝတ်နေရေးနှင့် စီးပွားရေး ဆိုင်ရာကိစ္စရပ်များ အတွက် အဆင်ပြေချောမွေ့မည်ဖြစ်ပါသည်။

(၆) အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး

ကျောက်တန်းကျေးရွာသည် သယ်ယူပို့ဆောင်ရေးအနေဖြင့် မော်တော်ဆိုင်ကယ်များ၊ထော်လာဂျီများနှင့်ကားများကိုသာအဓိကထား အသုံးပြုကြသည်။ လမ်းပန်းဆက်သွယ်ရေး အသင့်တင့်ကောင်းမွန်မှုရှိသည်။ ကျေးရွာတွင်လမ်းများအား ကွန်ကရစ်လမ်းခင်းခြင်း၊ရွာပတ်လမ်းချဲ့ထွင်ခြင်းများဆောင်ရွက်ပေးရန်လိုအပ်လျက်ရှိသည်။ကျေးရွာချင်းဆက်လမ်းများတွင်လိုအပ်လျက်ရှိသော ရေပြွန်များ၊ ရွာချင်းဆက်လမ်းများ ချဲ့ထွင်ခြင်း၊ ဖောက်လုပ်ခြင်းများပြုလုပ်ပေးရန်လိုအပ်လျက်ပြီးဆောင်ရွက်ပေးပါက ကုန်စည်စီးဆင်းမှုမြန်ဆန်လာပြီး စီးပွားရေးအဆင်ပြေလာမည်ဖြစ်သည်။

(ခ) ကျေးရွာမီးလင်းရေး

ကျောက်တန်းကျေးရွာရှိ အိမ်ထောင်စု(၂၇၇)မှာ မဟာဓါတ်အားလိုင်းဖြင့် အသုံးပြုကြသည်။ ထပ်တိုးအိမ်ထောင်စု(၁၅၀)အတွက် ဓါတ်အားလိုင်း ချဲ့ထွင်ပေးရန် လိုအပ်လျက်ရှိသည်။ မဟာဓါတ်အားလိုင်းသုံးစွဲရအဆင်ပြေသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

ကျောက်တန်းကျေးရွာတွင် ဆက်သွယ်ရေး တာဝါတိုင်များ တပ်ဆင်ထားမှုကြောင့် ဖုန်းဆက်သွယ်ရေး ကောင်းမွန်ရုံသာမက သတင်းအချက်အလက်နှင့် အင်တာနက်ဝန်ဆောင်မှုများကို အချိန်နှင့်တပြေးညီ သိရှိသည့်အတွက် ဘက်စုံဖွံ့ဖြိုးရန်အတွက် အထောက်အကူကောင်းများ ရှိသည်။

(၇) ပညာရေး

ကျေးရွာတွင် ပညာရေးအနေဖြင့် အထက်တန်းကျောင်းတွင် ပညာသင်ကြားနိုင်သောကြောင့် ကောင်းမွန်သော ပညာရေးအခြေအနေမှာ ကောင်းမွန်မှုရှိပါသည်။ မူလတန်းမှတက္ကသိုလ်ထိ ပညာသင်ကြားနေသူ (၃၃၉)ရှိပြီး ပညာရေး အလားအလာ ကောင်းမွန်သော ကျေးရွာဖြစ်သည်။ တက္ကသိုလ်အဆင့်ပညာသင်ကြားသူ (၇၉)ဦးရှိပြီး ဘွဲ့ရသူဦးရေများပြားလာမှာဖြစ်သည့်အတွက် ကျေးရွာတွက် ကောင်းမွန်သော အခြေအနေတစ်ရပ်ဖြစ်သည်။

လက်ရှိ အထက်တန်းကျောင်းသည် သစ်သားအဆောက်အအုံဖြစ်ပြီး နှစ်ကြာရှည်နေသဖြင့် RC (၁)ထပ် ဆောက်လုပ်ပေးရန် လိုအပ်နေ သည်။

(၈) ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျောက်တန်းကျေးရွာတွင် ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် ကျောက်တန်းတိုက်နယ် ဆေးရုံ၊ ကျေးလက်ကျန်းမာရေးဌာနတို့ ရှိခြင်းကြောင့် ကျန်းမာရေးအတွက်အခက်အခဲမရှိပါ။ သာမန်သားဖွားခြင်းနှင့် ဖျားနာပါက အဆင်ပြေသော်လည်း ကြီးကြီးမားမား ဖြစ်သည့်အခါ အနီးဆုံး ဟိုပုံးဆေးရုံနှင့် တောင်ကြီးမြို့များသို့ သွားရောက်ပြသကြရသည်။ တိုက်နယ်ဆေးရုံအတွင်း ဆရာဝန်၊ ဆေးဝါးပစ္စည်းများ၊ ဆေးရုံသုံး အသုံးအဆောင်ပစ္စည်းများ လိုအပ်လျက်ရှိသည်။

သောက်သုံးရေအတွက် စိမ့်စမ်းရေနှင့် တွင်းရေကို အသုံးပြုပြီး ရေလှောင်ကန်(၄)ခုဖြင့် အသုံးပြုကြသည်။ လူဦးရေများ တဖြေးဖြေးတိုးပွားလာသောကြောင့် စိမ့်စမ်းရေထွက်မှ ရေသည် လုံလောက်မှုမရှိတော့သဖြင့် အခက်အခဲများစွာရှိပါသည်။ အဝီစိတွင်းရေအား တူးဖော်ပြီး ရေလှောင်ကန်(၄)ခုဖြင့် အသုံးပြုမည်ဆိုပါက သောက်သုံးရေအတွက် ကျေးရွာတွင်ဖူလုံမည် ဖြစ်သည်။

တစ်ရွာလုံးယင်လုံအိမ်သာ(ရေလောင်းအိမ်သာ)အသုံးပြုကြပါသည်။ ရေလောင်းအိမ်သာ အသုံးပြုကြသော်လည်း စနစ်တကျအသုံးပြုရန်နှင့် ကျန်းမာရေးအသိပညာများသိရှိမှုအားနည်း လျှက်ရှိပါသည်။အဆင်ပြေသော အိမ်ထောင်စုများမှာအိမ်သာများကို အုတ်ဖြင့်တည်ဆောက်ကြပြီး မတတ်နိုင်သူများက ဝါးအိမ်သာများကို ဆောက်လုပ်ကြပါသည်။ ကျန်းမာရေးအသိပညာများ ဟောပြော ပို့ချပေးရန် လိုအပ်လျက်ရှိသည်။

ပတ်ဝန်းကျင်သန့်ရှင်းသာယာရေးနှင့် အမှိုက်ကင်းစင်ရေးတို့အတွက် ရွာသားများ စုပေါင်း ကာ အပင်ရိုင်းများ၊ မြက်ပင်များ၊ အမှိုက်များအား စနစ်တကျစွန့်ပစ်ခြင်း၊ မီးရှို့ခြင်းများ ပြုလုပ်ကြ ပါသည်။ လပြည့် လကွယ် စုပေါင်း အမှိုက်သန့်ရှင်းခြင်းများ ဆောင်ရွက်ကြသည်။ အမှိုက်သိမ်းရန် ပုံးများ၊ ပစ္စည်းများ လိုအပ်လျက်ရှိသည်။ စနစ်တကျအမှိုက်သိမ်းဆည်းရေ အသိပညာပေး ဟောပြောပွဲများ ပို့ချပေးရန် လိုအပ်လျက်ရှိသည်။

(၉) ဘေးအန္တရာယ်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာတွင် လယ်၊ တောင်ယာ၊ ဥယျာဉ်ခြံ လုပ်ငန်းများ (သနပ်ဖက်၊ ထောပတ်၊ အာလူး မုန့်ညင်း၊ ပဲအမျိုးမျိုး)ကို အများဆုံးစိုက်ပျိုးလုပ်ငန်းကြသဖြင့် စိုက်ပျိုးရာတွင် အသုံးပြုသော ပိုးသတ်ဆေးများသည်အရည်အသွေးနိမ့်ခြင်း၊ အတုအပများသုံးစွဲမိခြင်း၊ စနစ်တကျ စွန့်ပစ်နိုင်ရန် အသိမရှိခြင်းတို့ကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းခြင်းနှင့် သဘာဝမြေဆီမြေလွှာများ အရည်အသွေးကျဆင်းခြင်းများခံစားရပါသည်။ သစ်တောသဘာဝအရင်းအမြစ်များ စိမ်းလန်းစိုပြေ

စေရေးအတွက်သစ်တောမြေအဖြစ်သတ်မှတ်ထိန်းသိမ်းရန်လဲလိုအပ်နေသေးသည်။သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှုအားနည်းနေပါသည်။ အများပိုင်သစ်တောများ စနစ်တကျ ထိန်းသိမ်းနိုင်ရေးအတွက် သစ်တောဦးစီးဌာန၏ အကူအညီများ လိုအပ်လျက်ရှိသည်။

(၁၀) ကျား/မ ရေးရာကိစ္စရပ်ဆိုင်ရာ

ကျေးရွာတွင် အမျိုးသားနှင့်အမျိုးသမီးအတူ ကျေးရွာ၏ သာရေး၊နာရေးနှင့် လူမှုရေး၊ ရိုးရာ ယဉ်ကျေးမှုများတွင် အတူဆောင်ရွက်သော်လည်း အမျိုးသမီးထုမှာ အရှက်အကြောက်ကြီးခြင်း၊ မိမိကိုယ်ကိုယုံကြည်မှုနည်းနေခြင်း၊ ရှေးရိုးအစွဲများကြောင့်အမျိုးသမီးထုမှ ရှေ့ထွက်ရန် အခက်အခဲများရှိခြင်းစသည့်တို့ကြောင့် ရွာ၏ လုပ်ငန်းအခန်းကဏ္ဍတွင် အမျိုးသမီးပါဝင်မှုအားနည်းနေပါသည်။ သို့သော်ကျား/မခွဲခြား ဆက်ဆံတက်သော အခြေအနေများမရှိပါ။ အမျိုးသမီးများ၏ စိတ်ဓါတ်အရည်အသွေးများကို မြင့်တင်ပေးပြီး ကျေးရွာရှိ လက်ရှိဆောင်ရွက်နေသော အဖွဲ့များတွင် ပါဝင်နိုင်ရေးစည်းရုံးလုံဆော်သွားမည်ဖြစ်ပါသည်။

(၁၁) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး

လူငယ်များအတွက် အားလပ်ချိန်တွင် အပန်းဖြေနိုင်စရာနေရာ သီးသန့်မရှိပါ။ လူငယ် များအတွက် အားလပ်ချိန်တွင် အသိပညာများ ဗဟုသုတများ ရရှိလာအောင် စာကြည့်တိုက်တွင် စာအုပ်စာပေများ ဖြည့်တင်းပေးရန် လိုအပ်လျက်ရှိပါသည်။ ရွာတွင်း အဖွဲ့အစည်းများမှ ဆောင်ရွက်လျက်ရှိသော သာရေး၊ နားရေး၊ လူမှုရေး၊ ရိုးရာယဉ်ကျေးမှု လုပ်ငန်းများတွင် လူငယ်အဖွဲ့မှ တက်တက်ကြွကြွပါဝင်ကူညီလှုပ်ရှားပေးလျက်ရှိပါသည်။ ကျန်းမာသန်စွမ်းရေးအတွက် အားကစားကွင်း အဆင့် မြှင့်တင်ပေးရန်နှင့် အားကစားသုံးပစ္စည်းများ ဖြည့်ဆည်းပေးရန် လိုအပ်လျက်ရှိသည်။

(၁၂) ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး

ကျေးရွာအတွင်း မှုခင်းဖြစ်ပွားမှုကြီးကြီးမားမားမရှိ၍ တည်ငြိမ်အေးချမ်းမှုရှိပါသည်။ အရေးပေါ်ပေါ်ပေါက်လာပါက ရဲစခန်းသို့ အလွယ်အတူချိတ်ဆက် ဆောင်ရွက်နိုင်ပါသည်။ ကျေးရွာအတွင်းအမျိုးသမီးများအားအကြမ်းဖက်ခံရမှုများလည်းမရှိပါ။

၁၃။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

စဉ်	စီမံချက် (Project)	ဦးစားပေး အဆင့်	၂၀၂၂-၂၀၂၃	၂၀၂၃-၂၀၂၄	၂၀၂၄-၂၀၂၅	၂၀၂၅-၂၀၂၆	၂၀၂၆-၂၀၂၇
၁	ဈေးတွင်းလမ်းကွန်ကရစ်ခင်းရန်	၁	✓				
၂	ရွာတွင်းလမ်းပြုပြင်ရန်နှင့်ရွာပတ်လမ်းများပြုပြင်ရန်	၂		✓			
၃	ရွာချင်းလမ်းများပြုပြင်ရန်	၃		✓			
၄	မဟာဓါတ်အားလိုင်းတိုးချဲ့ရန်	၄		✓			
၅	ရပ်ကွက်(၄)ရပ်ကွက်တွင်တွင်းနက်(၁)တွင်းစီတူးဖော်ရန်	၅		✓			
၆	ဈေးခြံစည်းရိုး၊ရေကန်ဆောက်လုပ်ရန်နှင့် ဆိုင်ခန်းများပြုပြင်ရန်			✓			
၇	တိုက်နယ်ဆေးရုံတွင်ဆရာဝန်၊ကုတင်နှင့်ဆေးရုံသုံးပစ္စည်းများလိုအပ်ခြင်း			✓			
၈	သက်ကြီးရွယ်အိုနှင့်ကိုယ်ဝန်ဆောင်များငွေကြေးထောက်ပံ့မှုလိုအပ်ခြင်း			✓			
၉	သဘာဝပတ်ဝန်းကျင်ထိန်းသိန်းနည်းပညာလိုအပ်ခြင်း			✓			
၁၀	အုပ်စုအုပ်ချုပ်ရေးမှူးရုံးလိုအပ်ခြင်း				✓		
၁၁	သစ်တောများထိန်းသိန်းခြင်းနည်းပညာလိုအပ်ခြင်း					✓	
၁၂	အမှိုက်သိမ်းပစ္စည်းများလိုအပ်ခြင်း						✓

အပိုင်း(ခ)

စီမံချက်ဆိုင်ရာအချက်အလက်များ

နောက်ဆက်တွဲ (၃)

စီမံချက်အဆိုပြုလွှာ(သို့) စီမံချက်အကြောင်းအရာ (Project Profile)

ကျေးရွာ – ကျောက်တန်းခေတ်မီစံပြကျေးရွာ ကျေးရွာအုပ်စု – ကျောက်တန်းအုပ်စု မြို့နယ် – ဟိုပုံးမြို့နယ် တိုင်း/ပြည်နယ် – ရှမ်းပြည်နယ်တောင်ပိုင်း
စီမံချက်အမည် –ဈေးတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း
စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ ကျောက်တန်းစံပြကျေးရွာရှိ ကိုယ်ထူကိုယ်ထဈေးတွင်းလမ်းများမှာ မြေသားလမ်းဖြစ်ပြီးနှစ်ကာလ ကြာမြင့်နေသောကြောင့် ကွန်ကရစ်ခင်းရန်လိုအပ်လျက် ရှိပါသည်။
စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်) ကျေးရွာသူ/သားများနှင့် ဈေးသူ/ဈေးသားများ ကုန်ပစ္စည်းများအဆင်ပြေချောမွေ့စွာ ရောင်းဝယ်နိုင်ရန် ရည်ရွယ်ပါသည်။
မျှော်မှန်းအကျိုးရလဒ်(လက်ငင်းရည်ရွယ်ချက်ရောက်ရှိပြီးနောက်ထပ်ဆင့်ရရှိလာမည့်အကျိုးကျေးဇူးများ) ဈေးတွင်းလမ်းကွန်ကရစ်ခင်းပြီးပါက ကျေးရွာသူ/ရွာသားများနှင့် ကျေးရွာအနီးပတ်ဝန်းကျင်မှ လာရောက်၍ ဈေးရောင်းဈေးဝယ်ကြသောသူများ အဆင်ပြေစွာရောင်းဝယ်နိုင်ပြီး ကိုယ်ထူကိုယ်ထဈေး အနေဖြင့်လည်း ယခင်ထက်ပိုမိုဖွံ့ဖြိုးတိုးတက်လာစေနိုင်ပါသည်။
စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်) ဈေးတွင်းလမ်းကွန်ကရစ်ခင်းခြင်း ၆၀၀'x၁၂'x၆"
စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု

ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	ထည့်ဝင်မည့် အစီအစဉ်
• (ငွေသား) ကျပ် (၁၀၀) သိန်း • • (ပစ္စည်း/လုပ်အား) ကျပ်သန်း(၁.၅)	• ကျေးလက်ဦးစီး • ကျေးရွာ • ကျေးရွာ

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်	၇၈၆	၈၉၇	၁၆၈၃	၄၈	၁၅၇	၁၄၄	၇၈	၄၂၇
အကျိုးခံစားမည့်သူဦးရေ	၇၈၆	၈၉၇	၁၆၈၃	၄၈	၁၅၇	၁၄၄	၇၈	၄၂၇
မှတ်ချက်။ ချောင်လည်အဆင့် - ၁ ၊ အလယ်အလတ်အဆင့် -၂ ၊ ဆင်းရဲ-၃ ၊ အလွန်ဆင်းရဲ - ၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)

- ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
- ကျေးရွာလူငယ်အဖွဲ့
- ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

(၂) စီမံချက်စတင်မည့် အချိန်ခန့်မှန်း -၂၂ .၂.၂၀၂၃

(၃) စီမံချက် ပြီးစီးမည့် အချိန် - ၂၈.၂.၂၀၂၃

(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် -

ကျေးရွာမှအဓိကအားဖြင့်လုပ်အားပါဝင်ကူညီသွားမည်ဖြစ်ပြီးတစ်အိမ်တစ်ယောက်လုပ်အားပါဝင်ပေးရမည်ဖြစ်ပါသည်။ အမှန်တကယ်လုပ်အားပါဝင်ပေးနိုင်ခြင်းမရှိပါက ငွေကြေးမဖြစ်မနေပါ ဝင်ပေးရမည်ဖြစ်ပါသည်။

(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

ဈေးတွင်းလမ်း ရေရှည်တည်တံ့စေရေးအတွက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီ ဖွဲ့စည်းကာ ပျက်ဆီးမှုများရှိပါက အချိန်နှင့်တပြေးညီပြန်လည်ပြင်ဆင် သွားမည်။ လိုအပ်ပါက ကျေးရွာမှ အလှူငွေများကောက်ခံကာ ပြုပြင်ခြင်းများ ထိန်းသိမ်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။

နောက်ဆက်တွဲ (၁)

ကျောက်တန်းကျေးရွာအုပ်စု၊ ကျောက်တန်းခေတ်မီစံပြကျေးရွာ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	မှတ်ပုံတင်အမှတ်	တာဝန်	မှတ်ချက်
၁။	ဦးမောင်ဦး	၁၃/ဟပန(နိုင်) ဝ၂၂၈၀၆	ဥက္ကဋ္ဌ	ချက်လက်မှတ်ထိုး
၂။	ဦးမောင်သိန်း	၁၃/ဟပန(နိုင်) ဝ၄၀၂၆၂	အတွင်းရေးမှူး	ချက်လက်မှတ်ထိုး
၃။	ဦးကျော်စော	၁၃/ဟပန(နိုင်) ဝ၂၂၈၂၂	ဝယ်/ဥက္ကဋ္ဌ	ချက်လက်မှတ်ထိုး
၄။	ခွန်ထွန်းနိုင်	၁၃/ဟပန(နိုင်) ဝ၅၃၄၈၄	ဘဏ္ဍာရေးမှူး	
၅။	နန်းနှင်းဆီ	၁၃/ဟပန(နိုင်) ဝ၂၁၇၀၆	အဖွဲ့ဝင်	
၆။	ဒေါ်နီနီအောင်	၁၃/ဟပန(နိုင်) ဝ၄၀၂၉၃	အဖွဲ့ဝင်	
၇။	ဒေါ်မီးမီး	၁၃/ဟပန(နိုင်) ဝ၃၂၇၇၁	စာရင်းကိုင်	

နောက်ဆက်တွဲ(၂)

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	မသန်စွမ်းသူ အရေအတွက်	
					ကျား	မ
၁ နှစ် အောက်	နို့စို့အရွယ်	၁၃	၁၅	၂၈		
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၄၂	၃၁	၇၃	၁	
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၇၄	၅၈	၁၃၂		
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၇၃	၆၆	၁၃၉	၁	
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၅၅၁	၆၆၃	၁၂၁၄		
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၃၃	၆၄	၉၇		
စုစုပေါင်း		**၇၈၆**	**၈၉၇**	**၁၆၈၃**	၂	
စုစုပေါင်း အိမ်ထောင်စု		၄၂၇				

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာ မွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀)နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာ အသက်(၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့် အထက်ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့်အရွယ်နှင့်ငင်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကျောက်တန်းကျေးရွာတွင်အိမ်ထောင်စု(၄၂၇)စုရှိပြီးလူဦးရေ (၁၆၈၃)ရှိပါသည်။ ကျေးရွာတွင် အလုပ်မလုပ်နိုင်သည့် တစ်နှစ်အောက် နို့စို့အရွယ် (၂၈) ၊ ၅နှစ်အောက်ကလေးအရွယ် (၇၃) ၊ မူလတန်းကျောင်းသားအရွယ် (၁၃၂)၊ အလယ်တန်းကျောင်းသားအရွယ်(၁၃၉)၊ အလုပ်လုပ်နိုင်သည့်အရွယ် (၁၂၁၄) သက်ကြီးရွယ်ကြီးအရွယ်(၉၇)ရှိသည်။ အလုပ်လုပ်နိုင်သည့်အရွယ် ကျား(၅၅၁)ဦး၊ မ (၆၆၃)ဦး စုစုပေါင်း(၁၂၁၄)ရှိပြီးတစ်ရွာလုံးလူဦးရေ၏(၇၀%)ခန့်ရှိပါသည်။ပျမ်းမျှတစ်အိမ်ထောင်လျှင်(၄၅)ဦးနှုန်းခန့်ရှိသည်။ ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေများပြားမှုကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသားအရင်းအမြစ် ကောင်းများအဖြစ် ထောက်ပံ့မှု ပေးနိုင်ပါသည်။ ကျေးရွာတွင် မသန်စွမ်းလူငယ်(၂)ဦးရှိသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုေ ေျာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
စိုက်ပျိုးစီးပွား လုပ်ငန်းများ								
၁	**လယ်ယာစိုက်ပျိုးရေး**							
	ကိုယ်ပိုင် လုပ်ငန်း	၃၆၂	၁၀၀၈		၄၈၀	၅၂၈		မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၂	**တိရစ္ဆာန် မွေးမြူရေး**							
	ကိုယ်ပိုင် လုပ်ငန်း	၅၀	၁၆၈		၁၀၀	၆၈		မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**							
	ကိုယ်ပိုင် လုပ်ငန်း						၁၀	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၄	**သစ်တောလုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ								
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား							မြင့် ☐ လတ်☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုေ ေျာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	/ ဝန်ထမ်း							နိမ့် ☐
၈	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း							
	ကိုယ်ပိုင် လုပ်ငန်း						၁၀	မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း						၂၀	မြင့် ☐ လတ်☑ နိမ့် ☐
၉	ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၀	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)							
	ကိုယ်ပိုင် လုပ်ငန်း						၂	မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၁	လက်လီ– လက်ကား ရောင်းဝယ်ရေး							
	ကိုယ်ပိုင် လုပ်ငန်း	၁၅						မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐နိမ့် ☐
၁၂	ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း							
	ကိုယ်ပိုင် လုပ်ငန်း	၂						မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၃	ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၄	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုေ ေျာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
၁၅	အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၆	ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၇	ပညာရေး							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း						၃၀	မြင့် ☐ လတ်☐ နိမ့် ☑
၁၈	ကျန်းမာရေး							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း						၂	မြင့် ☐ လတ်☐ နိမ့် ☑
၁၉	လူမှုရေး လုပ်ငန်းများ							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၂၀	အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ							
	ကိုယ်ပိုင် လုပ်ငန်း							☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား						၄၀	
၂၁	ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား	၂၀						မြင့် ☐ လတ်☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုေ ေျာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	/ ဝန်ထမ်း							နိမ့် ☑
	စုစုပေါင်း	၄၂၇	၁၁၇၆		၅၈၀	၅၉၆	၁၁၄	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။။"အခြားဝင်ငွေရလုပ်ငန်းအဖြစ်
လုပ်ကိုင်သူများ"အရေအတွက်တွင်**"မိသားစုဝင်လုပ်အား"**ထပ်မံထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)"** ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက်အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ဥပမာ - **"စိုက်ပျိုးရေး"** ကဏ္ဍ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်းတစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ကျောက်တန်းကျေးရွာအနေဖြင့် သနက်ဖက်နှင့်ထောပတ် ကိုသာ တစ်ရွာလုံးစိုက်ပျိုးကြသည်။ မွေးမြူရေးအနေဖြင့် ကြက်၊ဝက်မွေးမြူရေးကို အဓိကထားလုပ်ကိုင်သည်။ လက်သမား ပန်းရံလုပ်ငန်း၊ ဆိုင်ကယ် ပြင်ဆိုင်၊ ဆံပင်ညှပ်၊ အလှပြင်ဆိုင်၊ စားသောက်ကုန်နှင့် လူသုံးကုန်ဆိုင်များ၊ အပ်ချုပ်စက်ဆိုင်၊ စားသောက်ဆိုင်ကြီး၊ စားသောက်ဆိုင်သေးများ ကိုယ်ပိုင်ဖွင့်လှစ်လုပ်ကိုင်ကြသည်။ ကျေးရွာအတွင်း အသင်းအဖွဲ့ဖြင့် အသေးစား ၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ပေးပါက အောင်မြင်နိုင်မည့် အလားအလာရှိပါသည်။

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၈၀၀၀	၆၀၀၀	၇၀၀၀	၅၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	–	–	–	–
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း)	နေ့စား	–	–	–	–
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား	–	–	–	–
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	–	–	–	–
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၀၀၀၀	၆၀၀၀	၈၀၀၀	၅၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	–	–	–	–
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	–	–	–	–
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊	နေ့စား	–	–	–	–

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
	သင်တန်း ပေးသူ စသည်)					
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား	–	–	–	–

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)

လေ့လာတွေ့ရှိချက်။ ။ကျောက်တန်းကျေးရွာတွင် လယ်ယာစိုက်ပျိုးရေး နေ့စားစရိတ်အဖြစ် ကျား၊မ အချိုးတူညီစွာ လုပ်အားခ ရရှိသည်။ ဆောက်လုပ်ရေး ၊ လက်သမား၊ ပန်းရံလုပ်ငန်းများတွင် ကျွမ်းကျင်မှု ပေါ်မူတည်ပြီး လုပ်အားခ ခွဲခြား ရရှိသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ

ဧယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်)		
လယ်မြေ	–	ကောင်း ☐	သင့်☐	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၂၄	ကောင်း ☐	သင့်☑	ညံ့ ☐
ဥယျာဉ်ခြံမြေ	၄၇၇	ကောင်း ☐	သင့်☑	ညံ့ ☐
ကိုင်း/ကျွန်းမြေ	–	ကောင်း ☐	သင့်☐	ညံ့ ☐
ခနိတောမြေ	–	ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ	–	ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ်မြေလပ်	-	ကောင်း ☐	သင့်☐	ညံ့ ☑
စုစုပေါင်း	၅၀၁	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။။။ ။ကျောက်တန်းကျေးရွာရှိ စိုက်ပျိုးမြေအများစုမှာ ဥယျာဉ်ခြံမြေများ ဖြစ်ပြီး မြေဆီလွှာအရည်အသွေးအသင့်အတင့်ကောင်းမွန်မှုရှိသည်။ ထောပတ်စိုက်ပျိုးခြင်းကြောင့် ပိုးမွှား ရောဂါ ကျရောက်မှုရှိသည့်အတွက် စိုက်ပျိုးရေးနှင့် ပတ်သက်သော နည်းပညာပေးသင်တန်းများပို့ချပေးရန် လိုအပ်နေပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဧယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
ကျောက်၊သဲ၊ကျောက်စရစ်စသည်များ	များ ☐ သင့်☑ နည်း ☐မရှိ ☐	လွယ် ☑ ခက်☐အသုံးမပြုနိုင်ပါ ☐	လျော့ ☑ တိုး ☐အပြောင်းအလဲမရှိ ☐
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့်☐ နည်း ☑ မရှိ ☐	လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့်☐ နည်း ☐ မရှိ ☑	☒	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
ရေ – မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း)	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
ရေ – မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း)	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
သစ်တော – အပူပိုင်းသစ်တော	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
သစ်တော – ဒီရေတောများ	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ကျောက်တန်းကျေးရွာတွင် သဘာဝအပင်မျိုးစိတ်နှင့် တိရိစ္ဆာန်မျိုးစိတ် အနည်းငယ်သာရှိသည်။ ကျေးရွာပိုင် ကျောက်တောင်၊ သဲတောင်များရှိပြီး ထုတ်ယူသုံးစွဲရလွယ်ကူသည်။ လွန်ခဲ့သော (၁၀)နှစ်ခန့်က ပေါများသလောက် ယခုအချိန်တွင် ရှားပါးနေသည်။ သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများထွက်ရှိမှု မရှိကြောင်းတွေ့ရှိသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိေသာအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့်	များ	အသင့်အတင့်	နည်း	မရှိ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိေသာအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သော အိမ်ထောင်စု
ဆိုင်သောပိုင်ဆိုင်မှု				
အဓိကစီးပွားရေးလုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၄၈	၁၅၇	၁၄၄	၇၈

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ကျောက်တန်းကျေးရွာတွင် ကျေးရွာအိမ်ထောင်စု၏ (၄၈)အိမ်ခန့်သည် အဆင်ပြေသော အိမ်ထောင်စုများဖြစ်ကြပြီးအလယ်အလတ်ရှိသောအိမ်ထောင်စု(၁၅၇)အိမ်ရှိသည့်အတွက် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ရာတွင် ငွေကြေး(သို့)ပစ္စည်းဖြင့် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ပါလိမ့်မည်။ မပြေလည်သော အိမ်ထောင်စုနှင့် အလွန်မပြေလည်သော အိမ်ထောင်စုများအတွက် မိသားစု စားဝတ်နေရေးအတွက် အခက်အခဲရှိသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
၃လအောက်ဝမ်းစာဖူလုံမှု			အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၃လနှင့်ဖြလကြား ဝမ်းစာဖူလုံမှု	၄၅	၂၂	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
ဖြလမှ၁၂လအထိ ဝမ်းစာဖူလုံမှု			အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။။။ ။

(c-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖြင့်နှစ်နှင့်အထက်			
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ်			
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု	၃၀		
ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု	-		
အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု	၁၅၀		

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။။။ ။ကျောက်တန်းကျေးရွာတွင်သက်ကြီးရွယ်အို(၆၄)နှစ် အထက်သက်ကြီးရွယ်အိုများရှိကြပြီး အတူနေမိသားစုဝင်များမှစောင့်ရှောက်မှုပေးလျက်ရှိပါသည်။ အထူးလိုအပ်သော အိမ်ထောင်စုမရှိကြောင်း လေ့လာတွေ့ရှိရသည်။

(c-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေးအစီအမံများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	မြစ်ရေကြီးမှု	နိမ့်					
၂	လျှပ်တပြတ်ရေကြီးခြင်း	နိမ့်					
၃	မုန်တိုင်းဒီရေ	နိမ့်					
၄	ဆူနာမီ	နိမ့်					
၅	တိုင်ဖုန်းမုန်တိုင်း	နိမ့်					
၆	လေဆင်နှာမောင်း	နိမ့်					
၇	ငလျင်	နိမ့်					
၈	အပူလှိုင်း	နိမ့်					
၉	စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု	နိမ့်					
၁၀	အအေးလှိုင်း			မြင့်		လတ်	

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
၁၁	မိုးသီးကြွေကျမှု		လတ်		နိမ့်		
